ဧကန်စင်စစ်၊ အလ္လာဟ်အရှင်မြတ်သည် သင်တို့အတွက်

သုံးမျိုးသောအရာကို နှစ်သက်တော်မူပြီး၊

သုံးမျိုးသောအရာကို နှစ်သက်တော်မမူပေ

အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "ဧကန်စင်စစ်၊အလ္လာဟ်အရှင်မြတ်သည် သင်တို့အတွက် သုံးမျိုးသောအရာကို နှစ်သက်တော်မူပြီး၊
သုံးမျိုးသောအရာကို နှစ်သက်တော်မမူပေ။ အရှင်မြတ် အသင်တို့အတွက်
နှစ်သက်တော်မူသော အရာများမှာ- အရှင်မြတ်ကို သင်တို့ခဝပ်ကိုးကွယ်ရန်နှင့်
အရှင်မြတ်နှင့် မည်သည့်အရာကိုမျှ တွဲဖက်၍မကိုးကွယ်ကြရန်၊ အရှင်မြတ်၏ကြိုးကို
အားလုံးတစုတစည်းတည်း ခိုင်မြဲစွာဆုပ်ကိုင်ထားကြရန်နှင့် ကွဲပြားခြင်းသို့
မရောက်ကြရန်တို့ဖြစ်သည်။ အသင်တို့အတွက် အရှင်မြတ် မနှစ်သက်သောအရာများမှာ-
အချည်းနှီးစကားများပြောဆိုခြင်း၊ မေးခွန်းများအလွန်အကျွံ မေးမြန်းခြင်း၊
စည်းစိမ်ဥစ္စာကို ဖြုန်းတီးဖျက်ဆီးခြင်းတို့ ဖြစ်သည်။" [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)က အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်များထံမှအရည်အချင်းလက္ခဏာသုံးရပ်ကို နှစ်သက်တော်မူပြီး၊ အရည်အချင်းလက္ခဏာသုံးရပ်ကိုမနှစ်မြို့တော်မူကြောင်း မိန့်ကြားတော်မူခဲ့သည်။ ၎င်းတို့ထံမှ အရှင်မြတ်နှစ်သက်တော်မူသော အရည်အချင်းလက္ခဏာသုံးရပ်မှာ - အရှင်မြတ်တစ်ပါးတည်းကိုသာခဝပ်ကိုးကွယ်ခြင်း၊ အရှင်မြတ်နှင့် မည်သည့်အရာကိုမျှ တွဲဖက်၍မကိုးကွယ်ခြင်း၊အရှင်မြတ်၏ ကတိတော်၊ ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ်၏ စွန္နသ်တော်တို့ကိုအားလုံးတစုတစည်းတည်း ခိုင်မြဲစွာဆုပ်ကိုင်ထားကြရန်နှင့် မွတ်စ်လင်မ်တို့၏ အသင်းအဖွဲ့အုပ်စု မှ ကွဲပြားမသွားခြင်းတို့ ဖြစ်သည်။ ၎င်းတို့အတွက် အရှင်မြတ်မနှစ်မြို့တော်မူသော အရာများမှာ - အချည်းအနှီး၊ အကျိုးမရှိသော စကားပြောဆိုခြင်း၊မိမိနှင့်မဆိုင်သော အရာများကို ဝင်ရောက်ပြောဆိုခြင်း၊ မဖြစ်သေးသော အရာများကိုမေးမြန်းခြင်း၊ သို့မဟုတ် လူတို့၏ဥစ္စာပစ္စည်းများနှင့်၎င်းတို့လက်ဝယ်ရှိအရာများကို လိုအပ်ချက်မရှိဘဲ မေးမြန်းခြင်း၊ ဥစ္စာပစ္စည်းကိုဖြုန်းတီးဖျက်ဆီးခြင်းတို့ ဖျက်ဆီးခြင်း၊ ရှရီအသ်တရားတော်အရခွင့်မပြုသောနေရာများတွင် သုံးစွဲခြင်း၊ ပျက်စီးဆုံးရှုံးမှုသို့ရောက်ရှိစေခြင်းတို့ ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/66236